သတင်းထုတ်ပြန်ချက်

**လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများတွင် ကြံရာပါပတ်သက်မှုနှင့် ဒဏ်ခတ်ပိတ်ဆို့မှုများကို ချိုးဖောက်မှုတို့ဖြင့် တယ်လီနော ASA အား စွဲချက်တင်မှုအပေါ် Justice For Myanmar နှင့် ICJ Norway တို့ ကြိုဆို**

အော်စလို၊ မြန်မာ ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်

ဒဏ်ခတ်ပိတ်ဆို့မှုများကို ချိုးဖောက်မှုနှင့် မြန်မာနိုင်ငံအတွင်း လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများတွင် ကြံရာပါပတ်သက်မှုတို့အတွက် တယ်လီနော ASA အပေါ် စွဲချက်တင်ရန် နော်ဝေရဲတပ်ဖွဲ့၏ ဆုံးဖြတ်ချက်ကို Justice For Myanmar နှင့် ICJ Norway တို့က ကြိုဆိုလိုက်သည်။

အဆိုပါစွဲချက်များကို စက်တင်ဘာလ ၁၅ ရက်နေ့တွင် တင်သွင်းခဲ့ခြင်းဖြစ်ပြီး၊ ထိုနေ့တွင်ပင် ရဲတပ်ဖွဲ့က တယ်လီနော ASA ၏ ရုံးကို စီးနင်းရှာဖွေခဲ့သည်။

ယခုအရေးယူဆောင်ရွက်မှုသည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် Justice For Myanmar နှင့် ICJ Norway တို့က နော်ဝေရဲတပ်ဖွဲ့ထံ တိုင်ကြားချက်တစ်ရပ် တင်သွင်းခဲ့ပြီးနောက် ပေါ်ပေါက်လာခြင်း ဖြစ်သည်။ အဆိုပါတိုင်ကြားချက်တွင် တယ်လီနော ASA သည် နော်ဝေနိုင်ငံ၏ မြန်မာနိုင်ငံအပေါ် အရေးယူပြဋ္ဌာန်းချက် (‘Myanmarforskriften’) အရ ချမှတ်ထားသည့် ဒဏ်ခတ်ပိတ်ဆို့မှုများကို ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲထားသည်။ များပြားခိုင်လုံသည့် မှတ်တမ်းအထောက်အထားများပါဝင်သော အဆိုပါတိုင်ကြားချက်တွင် တယ်လီနောသည် ပိတ်ဆို့အရေးယူခံထားရသော စောင့်ကြည့်ထောက်လှမ်းရေးပစ္စည်းများကို ဆက်လက်ထိန်းသိမ်းထားခဲ့ပြီး၊ ၂၀၂၂ ခုနှစ်တွင် ၎င်းတို့ မြန်မာနိုင်ငံမှ ထွက်ခွာချိန်၌ ယင်းပစ္စည်းကရိယာများကို မြန်မာစစ်တပ်နှင့် ဆက်နွှယ်နေသည့် ဝယ်ယူသူထံ လွှဲပြောင်းပေးခဲ့သည်ဟု စွပ်စွဲထားသည်။

အဆိုပါတိုင်ကြားချက်သည် စုံစမ်းစစ်ဆေးခြင်းမပြုဘဲ ပယ်ချခံခဲ့ရပြီးနောက် Justice For Myanmar နှင့် ICJ Norway တို့သည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် အထက်အဆင့် တရားစွဲဆိုရေးအာဏာပိုင်အဖွဲ့ထံ ထပ်မံတိုင်ကြားခဲ့သည်။ ယင်းတိုင်ကြားချက်တွင် တယ်လီနောအနေဖြင့် ကြီးလေးသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဆက်နွှယ်နေသည့် မြန်မာစစ်အုပ်စုထံ အရေးကြီးပြီး ထိရှလွယ်သော အချက်အလက်များကို မျှဝေပေးခဲ့ခြင်းဖြင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်

ရာဇဝတ်မှုများကို အားပေးကူညီခဲ့သည် ဆိုသည့်စွဲချက်ကို အကျုံးဝင်စေရန် တိုင်ကြားချက်ကို တိုးချဲ့တိုင်ကြားခဲ့သည်။

**ICJ Norway ၏ ဘုတ်အဖွဲ့ဥက္ကဋ္ဌ Terje Einarsen က** "ကျွန်တော်တို့ဟာ လေးနက်ပြီး လွတ်လပ်တဲ့ ရဲတပ်ဖွဲ့ရဲ့ စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို အချိန်အတော်ကြာ စောင့်ဆိုင်းခဲ့ရပါတယ်၊ အခုတော့ ဒီလိုဖြစ်လာဖို့ အလားအလာရှိနေတဲ့အတွက် ကျွန်တော်တို့ ဝမ်းမြောက်မိပါတယ်။ ဒီစွပ်စွဲချက်တွေဟာ မြန်မာနိုင်ငံက အလွန်စိုးရိမ်ဖွယ်ကောင်းတဲ့ လူ့အခွင့်အရေးအခြေအနေတွေ၊ ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူတွေနဲ့ လူ့အခွင့်အရေး ရပ်ခံကာကွယ်သူတွေအပေါ် ရက်ရက်စက်စက် နှိပ်ကွပ်မှုတွေနဲ့ ဆက်စပ်နေနိုင်တဲ့ ဖြစ်နိုင်ခြေရှိတဲ့ မတူညီသော ရာဇဝတ်မှုတွေကို ရည်ညွှန်းနေတာပါ။ တယ်လီနောရဲ့ တာဝန်ရှိမှုကို ရှင်းလင်းဖော်ထုတ်ဖို့ မဖြစ်မနေ လိုအပ်ပါတယ်။ အထောက်အထားတွေအပေါ် မူတည်ပြီး လူပုဂ္ဂိုလ်တစ်ဦးချင်းစီရဲ့ ဖြစ်နိုင်ခြေရှိတဲ့ တာဝန်ရှိမှုတွေကိုလည်း ဖော်ထုတ်ဖို့ လိုအပ်ပါတယ်" ဟု ပြောကြားခဲ့သည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "မြန်မာနိုင်ငံမှာ နော်ဝေဥပဒေနဲ့ နိုင်ငံတကာဥပဒေတွေကို ချိုးဖောက်ခဲ့မှုတွေအတွက် တယ်လီနောအပေါ် အခုလို နောက်ဆုံးမှာ စုံစမ်းစစ်ဆေးမှုတွေ စတင်လုပ်ဆောင်ဖို့ နော်ဝေရဲတပ်ဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို Justice For Myanmar က ကြိုဆိုပါတယ်။ တယ်လီနောက တရားမဝင်စစ်အုပ်စုဆီ ထောက်လှမ်းရေးဆော့ဝဲလ် လွှဲပြောင်းပေးခဲ့တာနဲ့၊ အရေးကြီးပြီး ထိရှလွယ်တဲ့ အချက်အလက်တွေ မျှဝေပေးခဲ့တာတွေကို သက်သေခံဖော်ပြနိုင်မယ့် အထောက်အထားမှတ်တမ်း အများအပြားကိုလည်း ရဲတပ်ဖွဲ့ထံ ပေးပို့ထားပြီးဖြစ်ပါတယ်။ ဒီအထောက်အထားတွေက ကုမ္ပဏီနဲ့ သူတို့ရဲ့ အကြီးတန်းအရာရှိတွေရဲ့ ကြံရာပါပတ်သက်မှုကို ရှင်းရှင်းလင်းလင်း သက်သေပြနေပါတယ်။ တယ်လီနောအနေနဲ့ ပုဂ္ဂိုလ်ရေးအချက်အလက်တွေကို သိလျက်နဲ့ စစ်အုပ်စုဆီ ပေးအပ်ခဲ့ခြင်းကတဆင့် စစ်အုပ်စုရဲ့ မတရားဖမ်းဆီးမှုတွေ၊ ညှဉ်းပန်းနှိပ်စက်မှုတွေ၊ သတ်ဖြတ်မှုတွေနဲ့ ကွပ်မျက်မှုတွေကို အားပေးကူညီခဲ့တာတွေ အပါအဝင်၊ မြန်မာပြည်သူတွေအပေါ် ဖြစ်ပေါ်စေခဲ့တဲ့ ထိခိုက်နစ်နာမှုတွေအတွက် တယ်လီနောကို အပြည့်အဝ တာဝန်ခံစေရမှာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

## ပိုမိုသိရှိရန်

တယ်လီနော ASA အပေါ် စွဲချက်တင်ကြောင်း ကြေညာသည့် နော်ဝေရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်ကို ယခုနေရာတွင် ဖတ်ရှုပါ။

Justice For Myanmar နှင့် ICJ Norway တို့၏ ၂၀၂၅ ခုနှစ် သတင်းထုတ်ပြန်ချက်ကို ယခုနေရာတွင် ဖတ်ရှုပါ။